## လျှောင်အိမ်သိစိတ်

အရှင်ကေလာသ
ဇန်နဝါရီ ၁၈၊ ၂၀၁၆။

---

ဆရာတော် အရှင်ဘုရား၊

ခုတလော နိုင်ငံခြား ဘာသာစကားနှင့် ထုတ်လွှင့်တဲ့ သတင်းဌာန အချို့မှာ ရခိုင်နှင့် မိတ္ထီလာ အရေးအခင်းတွေမှာ ဗုဒ္ဓဘာသာဝင်တွေရဲ့ လုပ်ရပ်နှင့် ရဟန်းအချို့၏ အစွန်းရောက်သော ဟောပြောမှုတွေအရ ဗုဒ္ဓဘာသာလည်း အကြမ်းဖက်မှုကို အားပေးကြောင်း ပြောဆို ဝေဖန်နေကြသည်ကို တွေ့ရပါသည်။ ဗုဒ္ဓဘာသာဝင်တစ်ယောက် အနေဖြင့် စိတ်မကောင်း ဖြစ်မိပါသည်။ ဆရာတော်အနေဖြင့် မည်သို့ တုံ့ပြန်မည်ကို ကြားနာလိုပါသည် အရှင်ဘုရား။ ဗုဒ္ဓဘာသာကို မည်သို့ ကာကွယ်နိုင်ပါ မည်နည်း။

မောင်အောင်ဝင့် (နယူးဇီလန်)

---

**အရိုင်းသဘာဝ**

မတူတာကို သည်းမခံနိုင်တာဟာ လူတွေရဲ့ နှလုံးသားထဲ ငုပ်လျှိုးနေတဲ့ အရိုင်းသဘာဝပါပဲ။ ယဉ်ကျေးမှု မထွန်းကားမီကပင် ပါလာခဲ့တာ။ လေးငါးကောင် ရှိနေတဲ့ မျောက်အုပ်ထဲကို အခြားနေရာက မျောက်တစ်ကောင် ဝင်လာရင် ဝိုင်းကိုက်ကြတယ်။ ခွေးတွေတောင် တစ်ကောင်ချင်း သို့မဟုတ် အုပ်စုလိုက် နေမြေသတ်မှတ်ပြီး နေတယ်။ ကမ္ဘာဦးခေတ် လူရိုင်းတွေ တစ်အုပ်စုနဲ့ တစ်အုပ်စု တိုက်ခိုက်တာလည်း ဒီသဘောပါပဲ။ သင်နဲ့ ပတ်သက်တဲ့ နယ်မြေထဲကို အရောင်အသွေး ခြားနားတဲ့ လူစိမ်း တစ်ယောက် ဝင်လာတာကို ကြိုက်နိုင်ရဲ့လား။ လူတိုင်းမှာ ဒီလို အရိုင်းဆန်တဲ့ 'လှောင်အိမ် သိစိတ်' မျိုး ရှိနေတတ်ပါတယ်။

**မဆိုင်ပါဘူး**

ဗုဒ္ဓဝါဒဟာ လူတွေရဲ့ ဆိုခဲ့ပါ အရိုင်းသဘာဝကို ပယ်ရှားဖို့ သင်ကြားတဲ့ ဝါဒပါ။ ဗုဒ္ဓဝါဒကို မယုံကြည်သူတွေကို သတ်ရမယ်လို့ ညွှန်ကြားတဲ့ ဝါကျကလေး တစ်ကြောင်း တလေမျှကိုပင် ဗုဒ္ဓဝါဒ ကျမ်းစာတွေမှာ ရှာမတွေ့နိုင်ပါဘူး။ ဗုဒ္ဓဝါဒကို အတိအကျ လိုက်နာ ကျင့်သုံးလေ အရိုင်းသဘာဝ လျော့နည်းလေပါပဲ။ ရဟန်း အချို့ရဲ့ အစွန်းရောက် ဟောပြောချက် ဆိုတာမျိုး ရှိတယ်ဆိုရင်တောင် အဆိုပါ အရိုင်းသဘာဝကြောင့်ပါပဲ။ ဗုဒ္ဓဝါဒ ကျမ်းစာထဲက သင်ကြားချက်ကြောင့် မဟုတ်ပါဘူး။ ဗုဒ္ဓဝါဒ သင်ကြားချက် အစစ်အမှန်အရ ဘာသာရေး၊ လူမျိုး၊ အသားရောင်၊ ဇာတ်ဆိုတာကို အသာထား၊ 'ငါ သူတစ်ပါး ယောကျ်ား မိန်းမ' လို့တောင် မြင်တာ မဟုတ်ဘူး။

**မသန့်ရှင်းဘူး**

ပိုက်ဆံ ထည့်ဝင် သို့မဟုတ် အလကား ပေးကမ်းထားသူတွေရဲ့ သက်ရောက်မှု ရှိနိုင်တဲ့ ခေတ်သစ် သတင်းလောကနဲ့ အင်ဂျီအို ဆိုတာတွေဟာ မသန့်ရှင်းဘူး။ အများစုဟာ ပက်ထရိ ဒေါ်လာ (ရေနံရောင်းရငွေ)တွေ ဖြစ်လို့ အင်ဂျီအိုတိုင်း သတင်းဌာနတိုင်း လောင်းရိပ် မကင်းဘူး ဆိုတာကို အပြောခံရသူတွေက ပြန်ပြောခွင့် ရှိပါတယ်။ အဲဒီ နိုင်ငံခြားဘာသာနဲ့ သတင်းဆိုတာကို ရေးသူတွေရော အင်ဂျီအို ဆိုသူတွေပါ ဘာသာနဲ့ ထုထားတာမို့လဲ။ အနီ အရိုင်းသဘာဝ ဖုံးပေါ်လအောာ ရှိကို ရှိနေမှာ။

**ဆင်ခြင်စရာ**

ကိုယ့်ဖက်မှာလည်း ဆင်ခြင်စရာတွေတော့ ရှိပါတယ် .. ဗုဒ္ဓဘာ သာဆိုတာ လိုက်နာ ကျင့်သုံးမှု အဓိက မဟုတ်လား။ ကျင့်သုံးလေ အကျိုးရှိလေပဲဆိုတဲ့ ဗုဒ္ဓဝါဒ သင်ကြားချက်ရဲ့ အနှစ်သာရကို နားမလည်ဘဲ မွေးရာပါ စွဲလမ်းမှုအရ ဗုဒ္ဓဘာသာကို ယာယီ တွယ်ဖက်နေသူတွေ (အဲဒီလို တွယ်ဖက်သူတွေပဲ အခြေ အနေသာတဲ့ ဖက်ဆီ ကူးပြောင်းသွားတာကို မကြာခဏ တွေ့ရ မြင်ရလို့ ယာယီလို့ ဆိုတာပါ) အပေါ် လူပြိန်းကြိုက် စကားလုံးတွေနဲ့ စည်းရုံးပြီး ဘာသာရေးကို နိုင်ငံရေးထဲ ထည့်သွင်း အသုံးချတာဟာ အဆင့်မြင့်တဲ့ ဗုဒ္ဓဝါဒရဲ့ မျက်နှာစာကို အင်မတန် အရုပ်ဆိုး အကျည်းတန်စေကြောင်း ဆင်ခြင်သင့်ပါတယ်။

**ကာကွယ်လိုရင်**

ခြိမ်းခြောက်ပြီး ဖြစ်စေ ငွေကြေးနဲ့ ဖြစ်စေ တတ်သိ နားလည်သူကို စည်းရုံး ဆွဲဆောင်ဖို့ ခက်တယ်။ ဒါကြောင့် အသိဉာဏ် ရှိဖို့ အဓိကကျပါတယ်။ အသိပညာ ခေါင်းပါးပြီး စားဝတ်နေရေး မပြေလည်သူတွေကို ငွေကြေးတတ်နိုင်တဲ့ အခြား ဘာသာတွေက စည်းရုံးသွားတာကို တွေ့နိုင်တယ်။ ငြိမ့်ညောင်းတဲ့ သီချင်း ဆိုသံတွေ၊ ငွေကြေး ထောက်ပံ့မှုတွေနဲ့ ဆွဲဆောင်ခံရတဲ့ အခါ တော်ရုံနဲ့ မခံနိုင်ဘူး။ ဒါကြောင့် ဗုဒ္ဓဝါဒကို ကာကွယ်ဖို့ ဆိုရင် ဆင်းရဲ မွဲတေခြင်းနဲ့ အသိပညာ မဲ့မှုကို ပပျောက်အောင် အရင်ဆုံး လုပ်ရလိမ့်မယ်။ ❐

(‘လန်ဒန်နစ္စတန်’ခေါင်းစဉ်နဲ့ ဤကျမ်းပါ မေးခွန်း အမှတ်–၃၇၂ ကိုပါ ဖတ်ရှုဖို့ အကြံပြုပါတယ်။)

**မင်းမှာ သစ္စာ**

အမှန်အကန် ပြောဆိုခြင်း သစ္စာတရား၏ အကျိုးကြီးခြင်း၊ မမှန်မကန် ပြောဆိုခြင်း၏ အပြစ်ကြီးခြင်းကို သိကြကုန်သော အနောက်တိုင်း ပြည်ကြီးသားတို့သည် သစ္စာကို အလေးပြု သည်ဖြစ်၍ မည်ကဲ့သို့ စီရင်မည် စုံညီသို နှိုင်း ဥပဒေထားမိလျှင် မတောင်းပန်နိုင်၊ အခွင့်မပေးနိုင် ဧကန် စီရင်ရသည်။

(ရာဇဓမ္မသင်္ဂဟကျမ်း၊ စာ–၂၀၅)